# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

## တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး
## (ပုံစံပြောင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင်
## တွေ့ကြုံရသည့် ပြဿနာများ)


လေ့လာတင်ပြသူများ-

ဒေါက်တာမေကျော့မှူး
လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်ဟေမာသိန်း
ဒုတိယဦးစီးမှူး



ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်

## တောင်ကိုရီးယားသမ္မတနိုင်ငံ (ပုံစံပြောင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် ပြဿနာများ)

### မာတိကာ

**နိဒါန်း**


၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်များနှင့် ၎င်းတို့၏အကျိုးသက်ရောက်မှု

က။ တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ

(၁) ဥပဒေအပေါ် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်ချက်များ

ခ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုများ

(၁) ယေဘုယျစည်းနှောင်မှု

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဆုံးဖြတ်ချက် (Decision of Unconstitutionality)

(၃) ပုံစံပြောင်းဆုံးဖြတ်ချက်များ

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိသည့် ဆုံးဖြတ်ချက်များ (Non-conformity Decisions)

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ချက်များ (Conditional Constitutionality Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်း မရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions)

၂။ ပုံစံပြောင်း ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာအကောင်အထည်ဖော်ခြင်း

က။ လွှတ်တော်၏ ပြင်ဆင်ချက်ဥပဒေအရ လိုက်နာအကောင်အထည်ဖော်ခြင်း

(၁) ဥပဒေပြင်ဆင်ပြီး ရလာဒ်ပေါ်ပေါက်သည့်အမှုများ

(က) စစ်မှုထမ်းရန်ငြင်းဆိုသူများနှင့်သက်ဆိုင်သည့်အမှု

(ခ) လွှတ်တော်အဆောက်အအုံပြင်ပ ၁၀၀ မီတာအတွင်း စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်းကို တားမြစ်ခြင်း

(၂) လွှတ်တော်မှ ဥပဒေအားပြင်ဆင်ရန် ဆိုင်းငံ့ထားခြင်းနှင့် သက်ဆိုင်သည့် အမှုများ

(က) ကိုယ်ဝန်ဖျက်ချခြင်းပြစ်မှုများနှင့် သက်ဆိုင်သည့်အမှု

(ခ) ညအချိန်လွှတ်တော်ပြင်ပတွင် စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်းကို တားမြစ်ခြင်း

ခ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) အား လိုက်နာကျင့်သုံးခြင်းနှင့်ပတ်သက်၍ လိုက်နာအကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများ

(၁) အကျိုးအမြတ်ပေါ်တွင် ကောက်ခံသောအခွန်ငွေနှင့်သက်ဆိုင်သည့်အမှု

(၂) အစိုးရအရာရှိ၏ တံစိုးလက်ဆောင်ရယူမှု

**နိဂုံး**

**သုံးသပ်ချက်**

# တောင်ကိုရီးယားသမ္မတနိုင်ငံ (ပုံစံပြောင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် ပြဿနာများ)

## စာတမ်းအကျဉ်းချုပ်

တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ အဆုံးအဖြတ်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိသည့် ဆုံးဖြတ်ချက်များ (Unconstitutionality Decisions) ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ပြဋ္ဌာန်းဥပဒေများသည် ချက်ချင်းပျက်ပြယ်ပြီး တရားမဝင်ကြောင်းကြေညာသည့် ဆုံးဖြတ်ချက် ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ကြေညာသည့် ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံအက်ဥပဒေအရ နိုင်ငံ့အဖွဲ့အစည်းများအားလုံးအပေါ် စည်းနှောင်မှုရှိသည်။ ထိုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေတွင် ပြည့်စုံရှင်းလင်းစွာ တရားဝင်ဖော်ပြထားခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ခြင်းကို အာမခံချက်ပေးသည့်သဘောဖြစ်သည့်အပြင် အမှုအများစုတွင် အကောင်အထည်ဖော်ရာမှ ပေါ်ပေါက်သောပြဿနာများမဖြစ်ပွားစေရန် အကူအညီပေးခြင်းကို ဖြစ်စေသည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နှစ်ပေါင်း ၃၀ ကျော် ဖြတ်သန်းလာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေအရ ပြဋ္ဌာန်းဥပဒေအပေါ် တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုနှင့်ပတ်သက်၍ ယခင်က ဆုံးဖြတ်ခြင်းမျိုး မရှိသည့် ဆုံးဖြတ်ချက်ပုံစံဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိသည့် ဆုံးဖြတ်ချက်များ (Nonconformity to the Constitution decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) စသည့် ပြုပြင်ထားသောဆုံးဖြတ်ချက်ပုံစံများဖြင့် အဆုံးအဖြတ်ပြုလုပ်ခဲ့သည်။ ထိုသို့ ပြုပြင်ပြောင်းလဲထားသော ဆုံးဖြတ်ချက်ပုံစံများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို အကာအကွယ်ပေးရာတွင် ဥပဒေရေးရာတည်ငြိမ်မှုနှင့် အာဏာပိုင်းခြားခြင်းတို့ကို ထိန်းသိမ်းရန် ရည်ရွယ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း (Unconstitutionality) ရိုးရိုးရှင်းရှင်းဆုံးဖြတ်ခြင်းနှင့်တူညီမှုမရှိသည့် ထိုပုံစံပြောင်းဆုံးဖြတ်ချက်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်းသည် ဥပဒေပြုအဖွဲ့များနှင့် မူလတရားရုံးများ၏ ရှေ့ဆောင်ရွက်မည့်လုပ်ဆောင်မှုအပေါ်

မှုတည်သည်။ သို့ရာတွင် တစ်ခါတစ်ရံ ထိုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အကြောင်းအမျိုးမျိုးကြောင့် ကျေနယ်ဖွယ်မရှိသည်ကို တွေ့ကြုံရသည်။

ဤစာတမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက်များ (Nonconformity to the Constitution decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) အကောင်အထည်ဖော်မှုကို အဓိကထားခြင်းဖြစ်သည်။ ဤစာတမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များကို ခြုံငုံသုံးသပ်ခြင်းဖြင့် စတင်ပြုစုသည့် အပြင် ပုံစံပြောင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာမှ ပေါ်ပေါက်သော အဓိကပြဿနာများကို ခွဲခြမ်းစိတ်ဖြာလျက် ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုပုံစံများနှင့် ပြုစုထားသည်။ နိဂုံးချုပ်အနေဖြင့် အဖွဲ့အစည်းများအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းသည့် ဘုံရည်မှန်းချက်ကို လက်ခံသည့်အနေဖြင့် အပြန်အလှန်ယုံကြည်မှု နှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များအရ ရှင်းလင်းသည့် ဥပဒေအကြောင်းပြချက်များကို လေးစားလိုက်နာအကောင်အထည်ဖော်ရမည်ဖြစ်သည်ဟု စာတမ်းအကျဉ်းချုပ်အား ဦးစွာတင်ပြပါသည်။

## နိဒါန်း

တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပထမဆုံးသောအမှုကို ၁၉၈၉ ခုနှစ်တွင် စတင်ဆုံးဖြတ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည် နိုင်ငံ့အဖွဲ့အစည်းများအားလုံးအပေါ် စည်းနှောင်မှုရှိသဖြင့် အားလုံးက လိုက်နာရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေတွင် စီရင်ပိုင်ခွင့်တစ်ခုချင်းစီ၏ ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှုကို အတိအလင်း ပြဋ္ဌာန်းထားသည်။ ထိုသို့ ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားသော ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် အာမခံချက်ဖြစ်စေရန် လုံလောက်မှုရှိစေပြီး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာမှ ပေါ်ပေါက်နိုင်သော ပြဿနာများကို တားဆီးပေးရာရောက်သည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နှစ်ပေါင်း ၃၀ ကျော် ဖြတ်သန်းလာပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေအရ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိလျှင် (Unconstitutionality) ချက်ချင်းပျက်ပြယ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းပုံစံကို ပြုပြင်ပြောင်းလဲခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်သည့်ပုံစံကိုအခြေပြု၍ ပြုပြင်ပြောင်းလဲသော ဆုံးဖြတ်ချက်ပုံစံများမှာ- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက်များ (Nonconformity to the Constitution decisions) စသည်တို့ ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ချက်ပုံစံများကို ပြုပြင်ပြောင်းလဲခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို ကာကွယ်ရာတွင် ဥပဒေရေးရာတည်ငြိမ်မှုနှင့် အာဏာပိုင်းခြားခြင်းတို့ကို ထိန်းသိမ်းရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော် အဆိုပါပြုပြင်ပြောင်းလဲသောပုံစံဖြင့် ချမှတ်သောဆုံးဖြတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ခြင်းသည် တရားရုံးများ နှင့် ဥပဒေပြုအဖွဲ့တို့၏ လိုက်နာဆောင်ရွက်မှု တို့အပေါ် မူတည်သည်။

ယခုစာတမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ၊ အဆိုပါ စီရင်ပိုင်ခွင့် တစ်ရပ်ချင်းအပေါ် ဆုံးဖြတ်ချက် ချမှတ်သည့်ပုံစံများနှင့် ဆုံးဖြတ်ချက်များ၏

အကျိုးသက်ရောက်မှုတို့ကို ထည့်သွင်းပြုစုထားသည်။ အထူးသဖြင့် ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိလျှင် အဆိုပါဥပဒေအပေါ် ဆုံးဖြတ်ချက်ချမှတ်သည့်ပုံစံ ပြုပြင်ပြောင်းလဲမှုများ၊ အကျိုးသက်ရောက်မှုနှင့် ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရာတွင် အခက်အခဲတွေ့ကြုံခဲ့ရသောအမှုအချို့ကို ခြုံငုံ၍ လေ့လာပြုစုထားသည်။

**၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်များနှင့် ၎င်းတို့၏ အကျိုး သက်ရောက်မှု**

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဖွဲ့စည်းခြင်း**

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁(၂) နှင့် (၃) အရ တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီးများ (၉) ဦးဖြင့် ဖွဲ့စည်းထားသည်။ လွှတ်တော် (National Assembly) မှ ရွေးချယ်သော တရားသူကြီး (၃) ဦး၊ တရားလွှတ်တော်ချုပ်က အမည်စာရင်းတင်သွင်းသော တရားသူကြီး (၃)ဦး နှင့် နိုင်ငံတော်သမ္မတက ခန့်အပ်သော တရားသူကြီး (၃) ဦးစသည်ဖြင့် အဖွဲ့အစည်းအသီးသီးက ရွေးချယ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌကို အဆိုပါတရားသူကြီး (၉)ဦး ထဲမှ လွှတ်တော် (National Assembly) ၏ သဘောတူညီချက်ဖြင့် ရွေးချယ်သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ အပါအဝင် တရားသူကြီး (၉)ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၂ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီးများ၏ သက်တမ်းသည် (၆) နှစ်ဖြစ်ပြီး တရားသူကြီးများသည် ပြန်လည်ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

**က။ တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်**

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၁၁(၁) အရ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စီရင်ပိုင်ခွင့်များကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းခဲ့သည်-

(၁) တရားရုံးများက တင်သွင်းသည့်အခါ ဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိစစ်ခြင်း၊

(၂) စွပ်စွဲပြစ်တင်ခြင်း၊

(၃) နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းခြင်း၊

(၄) နိုင်ငံရေးအဖွဲ့အစည်းများအကြား၊ နိုင်ငံရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း အစိုးရများ အကြား၊ ဒေသတွင်းအစိုးရများအကြား ဖြစ်ပွားသော လုပ်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများ၊ နှင့်

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေအရ ပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများ။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီးများ၏ တရားစီရင်မှုနှင့်စပ်လျဉ်း၍ အထွေထွေ လုပ်ထုံး လုပ်နည်း**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၂၂(၁) အရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ စီရင်ပိုင်ခွင့်များကို စုံညီခုံရုံးဖြင့် ဆုံးဖြတ်ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၂၃(၁) အရ စုံညီခုံရုံးသည် တရားသူကြီး (၇) ဦး သို့မဟုတ် (၇) ဦးထက်ပိုသော တရားသူကြီးများ တက်ရောက်ခြင်းဖြင့် အမှုကို သုံးသပ်ရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၂၃(၂) အရ စုံညီခုံရုံးသည် အပြီးသတ်သုံးသပ်ခြင်းတွင်ပါဝင်သော တရားသူကြီးများ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ချက် များကို ချမှတ်ရသည်။ သို့သော် ခြွင်းချက်အနေဖြင့် အောက်ပါအမှုများတွင် တရားသူကြီး (၆) ဦး သို့မဟုတ် (၆)ဦးထက်ပိုသော တရားသူကြီးများ၏ ဆန္ဒမဲကို လိုအပ်သည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့် ပြဋ္ဌာန်းဥပဒေတစ်ရပ်ကို ဆုံးဖြတ် ခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ နိုင်ငံရေးပါတီတစ်ရပ်ကို ဖျက်သိမ်းခြင်း၊ သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုတို့ကို ဆုံးဖြတ်သည့်အမှုများအပြင်

(၂) ဖွဲ့စည်ပုံအခြေခံဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေတို့ကို ကျင့်သုံးခြင်းနှင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ယခင်ဆုံးဖြတ်ချက် များကို ကျော်လွန်ပယ်ဖျက်သည့် အမှုများ။

**ပြဋ္ဌာန်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ** ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၂ အရ မူလတရားရုံးက ပြဋ္ဌာန်း ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်ကြောင်း စီရင်ဆုံးဖြတ်ပေးရန် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တောင်းဆိုသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ

တရားရုံးက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်သည်အထိ မူလတရားရုံးသည် ထိုအမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်းများကို ရပ်ဆိုင်းထားရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၅ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ကြောင်း ဆုံးဖြတ်သည့်အခါ သုံးသပ်ပေးရန် တင်သွင်းလာသော ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်အတွက်သာ ဆုံးဖြတ်ချက်ကို ချမှတ်ပေးရသည်။ ခြွင်းချက်အနေဖြင့် ပြဋ္ဌာန်းချက်တစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ချက်သည် ဥပဒေတစ်ရပ်လုံးကိုပါ အကျိုးသက်ရောက်မှုမရှိတော့ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကတွေ့ရှိလျှင် ပြဋ္ဌာန်းဥပဒေတစ်ရပ်လုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်နိုင်သည်။

**စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍** ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၈ တွင် ပြဋ္ဌာန်းထားသော အစိုးရအရာရှိများသည် ၎င်းတို့၏ တာဝန်များကို အကောင်အထည်ဖော်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများကို ချိုးဖောက်သည့်အခါ ဥပဒေပြုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေပြုလွှတ်တော်အက်ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ထားသည့် စွပ်စွဲပြစ်တင်ခြင်းအဖွဲ့အစည်းတွင် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၉ အရ ဥပဒေပြုလွှတ်တော်မှ စွပ်စွဲပြစ်တင်ရန်ဆုံးဖြတ်သည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် တရားရေးကော်မတီတို့ပါဝင်သော စွပ်စွဲပြစ်တင်ရေးကော်မရှင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၁ အရ အစိုးရအရာရှိအပေါ် စွပ်စွဲပြစ်တင်ခြင်းကို ဆောင်ရွက်ရာတွင် စွပ်စွဲပြစ်တင်သည့်အကြောင်းကိစ္စတစ်ရပ်တည်းကို အကြောင်းပြု၍ စွပ်စွဲပြစ်တင်ခြင်းအပြင် ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစုံညီတရားရုံးသည် ၎င်း၏တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရပ်ဆိုင်းနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၅၃ အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးက စွပ်စွဲပြစ်တင်ခြင်းသည် အကြောင်းအရင်းခိုင်မာကြောင်းတွေ့ရှိလျှင် အဆိုပါအစိုးရအရာရှိကို သက်ဆိုင်ရာရာထူးမှ ဖယ်ရှားကြောင်း ကြေညာရသည်။

**နိုင်ငံရေးပါတီဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍** ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၅ အရ နိုင်ငံရေးပါတီ တစ်ရပ်၏ ရည်မှန်းချက်များ သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုများသည် ဒီမိုကရေစီနှင့် ဆန့်ကျင်လျှင် အစိုးရသည် အဆိုပါ နိုင်ငံရေးပါတီကို ဖျက်သိမ်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုသို့ တင်သွင်းလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၇ နှင့် ၅၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ထိုနိုင်ငံရေးပါတီအား အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ပြီးသည်အထိ ၎င်း၏ဆောင်ရွက်ချက်များကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ဥပဒေပြုလွှတ်တော်နှင့် အမျိုးသားရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့အကြောင်းကြားရသည်။

**လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများနှင့်စပ်လျဉ်း၍** ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၁ အရ နိုင်ငံ့အဖွဲ့အစည်းများအကြား၊ နိုင်ငံအဖွဲ့အစည်းတစ်ရပ်နှင့် ဒေသန္တရအစိုးရအဖွဲ့များအကြား၊ ဒေသန္တရအစိုးရအဖွဲ့များအကြား လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေများအရ ခွင့်ပြုထားသော လုပ်ပိုင်ခွင့်များအပေါ် ချိုးဖောက်ခြင်း သို့မဟုတ် ကြီးမားသောအန္တရာယ်ဖြစ်စေအောင် ထိခိုက်မှုရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၅ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တင်သွင်းလွှာကို လက်ခံသည့်အချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အပြီးသတ်ဆုံးဖြတ်ချက်ကို ကြေညာသည်အထိ တင်သွင်းခြင်းခံရသူမှ တင်သွင်းလွှာနှင့် သက်ဆိုင်သည့်ဆောင်ရွက်နေမှုများကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံအဖွဲ့အစည်း သို့မဟုတ် ဒေသန္တရအစိုးရတို့တွင် လုပ်ပိုင်ခွင့်ရှိ မရှိ သို့မဟုတ် မည်သည့်အတိုင်းအတာထိ လုပ်ပိုင်ခွင့် ရှိသည်တို့ကို ဆုံးဖြတ်ရသည်။ တင်သွင်းခံရသူ၏ လုပ်ပိုင်ခွင့်များသည် တရားဝင်မှုမရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဆိုပါ လုပ်ပိုင်ခွင့်များကို ရုပ်သိမ်းနိုင်သည် သို့မဟုတ် တင်သွင်းခံရသူ၏ လုပ်ပိုင်ခွင့်များသည် တရားဝင်မှုမရှိကြောင်း အတည်ပြုနိုင်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများနှင့်စပ်လျဉ်း၍** ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၇၂ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး (၃) ဦး ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းပြီး ကြိုတင်သုံးသပ်ခြင်းကိုဆောင်ရွက်သည်။ ထိုကြိုတင်သုံးသပ်သည့်အဆင့်တွင် တင်သွင်းလွှာ စိစစ်ခြင်းတွင်ပါဝင်သော အဖွဲ့ဝင်တရားသူကြီးများ၏ တစ်ညီတစ်ညွတ်တည်း သဘောတူညီချက်ဖြင့် တိုင်လျှောက်မှုကို ပလပ်နိုင်သည်။ တိုင်တန်းမှုကို ပလပ်ရန် သဘောတူညီမှုမရှိလျှင် တရားသူကြီး (၃) ဦး ပါဝင်သော အဖွဲ့သည် ၎င်းတို့၏ဆုံးဖြတ်ချက်ဖြင့် တင်သွင်းလွှာကို စုံညီတရားရုံးသို့ လွှဲပြောင်းပေးရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့် (၅) မျိုးအနက်မှ ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို စီရင်ဆုံးဖြတ်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အဓိကစီရင်ပိုင်ခွင့်များဖြစ်သည်။

### (၁) ဥပဒေအပေါ် တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်မှု

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၁ အရ တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တရားရုံးတစ်ရုံးမှ အမှုတစ်မှုကို စစ်ဆေးနေစဉ် ဥပဒေတစ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ သုံးသပ်ပေးရန် လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တောင်းဆိုသည့်စနစ် (System of Concrete Review) ကို ကျင့်သုံးသည်။ အဆိုပါအပိုဒ်အရ ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပြန်လည်သုံးသပ်ပေးရန် မူလတရားရုံးက ဖြစ်စေ၊ သက်ဆိုင်ရာအမှုသည်များက ဖြစ်စေ တောင်းဆိုနိုင်သည်။

အကယ်၍ ပြဋ္ဌာန်းဥပဒေအားပြန်လည်သုံးသပ်မှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး သို့ တင်သွင်းရန် အမှုသည်တစ်ဦး၏ တောင်းဆိုမှုကို မူလတရားရုံးက ပယ်ချလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြန်လည်သုံးသပ်ရန်အတွက် အဆိုပါအမှုသည် သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၈(၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုပုံစံထဲမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

## (၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်ချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၈ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုကို တင်သွင်းနိုင်သည့်အကြောင်းအရင်း (၂) မျိုး ခွဲခြားထားသည်။

(၁) နိုင်ငံတော်အစိုးရဘက်မှ ၎င်း၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာမှ လည်းကောင်း သို့မဟုတ် မကျင့်သုံးခြင်းကြောင့် လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရပေးအပ်ထားသော အခြေခံအခွင့်အရေးများကို ချိုးဖောက်မှုဖြစ်ပေါ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု တင်သွင်း နိုင်သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈(၁))

(၂) အမှုအားစစ်ဆေးနေစဉ်အတွင်း အဆိုပါအမှုနှင့်သက်ဆိုင်သောအမှုသည် တစ်ဦးသည် အမှုပါ ပြဋ္ဌာန်းဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ကြိုတင် အဆုံးအဖြတ် ရယူလိုကြောင်း မူလတရားရုံးသို့ တင်သွင်းရာတွင် မူလတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဆက်လက်တင်သွင်းရန် ငြင်းဆိုလျှင် အဆိုပါအမှုသည် သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု တိုက်ရိုက်လျှောက်ထားနိုင်သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈(၂))

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈(၁) သည် နိုင်ငံတော်မှ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို ချိုးဖောက်ခံရသည့်အခါ တင်သွင်းခြင်းဖြစ်သည်။ အခြားသောဥပဒေရေးရာ ကုစားမှုများအားလုံး ကုန်ဆုံးပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈(၁) အရ မူလတရားရုံး ၏ ဆုံးဖြတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်မရှိသော် လည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း၏ အခွင့်အရေးများကို တိုက်ရိုက်ချိုးဖောက်မှု ဖြစ်စေသည့် ဥပဒေပြုခြင်းများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှု ပြုနိုင်သည်။ ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီစိစစ်ခြင်းနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈(၁)အရ မူလတရားရုံးတွင် ကြားနာခဲ့သောအမှုများနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုများ အများဆုံးပါဝင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေပြုခြင်းနှင့်ဆိုင်သော ပျက်ကွက်မှုများနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများကို လက်ခံသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ အတိအလင်း လုပ်ပိုင်ခွင့်အပ်နှင်းထားသော ပြဋ္ဌာန်းဥပဒေများကို ပြဋ္ဌာန်းရန် ဥပဒေပြုအဖွဲ့က ပျက်ကွက်သည့်အခါ အထက်ဖော်ပြပါ တိုင်လျှောက်မှုကို တင်သွင်းနိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈(၂) သည် ဖွဲစည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၁ အရ တရားရုံးတစ်ရုံးတွင် ဆောင်ရွက်နေဆဲအမှုမှ အမှုသည်တစ်ဦးသည် ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ မူလတရားရုံးမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းရာ မူလတရားရုံးမှ အဆိုပါတင်သွင်းလွှာကို ငြင်းပယ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်လျှောက်ထားနိုင်သည့် အမှုဖြစ်သည်။

ဇယား ၁ ပါ စာရင်းဇယားအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် တင်သွင်းသော အမှုများ၏ ၉၇% သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်ချက်များ ဖြစ်သည်။

| | **Judicial Review upon Court Request** | **Impeachment** | **Party Dissolution** | **Competence Dispute** | **Constitutional Complaint** | | | **Total** |
|---|---|---|---|---|---|---|---|---|
| | | | | | S68(1) | S68(2) | Sum | |
| Number of Cases | 1,029 | 3 | 2 | 117 | 33,183 | 8,677 | 41,860 | 43,011 |
| Ratio (%) | 2.39 | 0.01 | 0.00 | 0.27 | 77.15 | 20.17 | 97.32 | 100 |

**ခ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များ၏ အကျိုး သက်ရောက်မှုများ**

**(၁) ယေဘုယျစည်းနှောင်မှု**

တရားရေးဆိုင်ရာဆုံးဖြတ်ချက်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်များသည် အမှုနှင့်သက်ဆိုင်သော အမှုသည်များအားလုံးကို စည်းနှောင်မှုရှိသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အထူးအဆင့်အတန်းတစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများ အားလုံးအပေါ် အပြီးသတ်လုပ်ပိုင်ခွင့် အခွင့်အာဏာရှိသည်။ ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ဆုံးဖြတ်ချက်များသည် နိုင်ငံ့အဖွဲ့အစည်းများအားလုံးအပေါ် စည်းနှောင်မှုရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေသည် ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်ကြောင်း ဆုံးဖြတ်ချက်များ (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၇(၁)၊ နိုင်ငံ့အဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရအဖွဲ့များ အကြားစသည့် လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကို ဆုံးဖြတ်ခြင်းများ (ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၇(၁)၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုများကို ဆုံးဖြတ်ခြင်းများ (ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၇၅(၁) တို့တွင် ဆုံးဖြတ်ချက်များ၏ ကျယ်ပြန့်သော စည်းနှောင်ကို အတိအလင်း ခွင့်ပြုထားသည်။ ထို့ကြောင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာစသည့် နိုင်ငံတော်အာဏာကို ကျင့်သုံးသည့် နိုင်ငံ့အဖွဲ့စည်း များနှင့် ဒေသန္တရအစိုးရအဖွဲ့များအားလုံးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရန် တိုက်ရိုက်တာဝန်ရှိသည်။

ပြဋ္ဌာန်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ကြောင်း အတည်ပြုသော ဆုံးဖြတ်ချက်များသည် နိုင်ငံ့အဖွဲ့အစည်းများအပေါ် ယေဘုယျစည်းနှောင်မှုရှိစေဖို့ ပြုလုပ်ရန်မလိုပါ။ သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေများ တိုးတက်ကောင်းမွန်ရန်အလို့ငှာ လိုအပ်ချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ကြောင်း ဆုံးဖြတ်သော ပြဋ္ဌာန်းဥပဒေများကို လွှတ်တော်သည် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးသတ် ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၃၉ အရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယခင်ဆုံးဖြတ်ပြီးသည့် တူညီသောအမှုကိုပင် ထပ်မံ ဆုံးဖြတ်ခြင်းမပြုဟု Res Judicata Effect ကို ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာ တွေ့ရှိရသဖြင့် ဆုံးဖြတ်ပြီးသောအမှုသည် အပြီးအပြတ်ဖြစ်သည်ဟု လေ့လာသုံးသပ်ပါသည်။

## (၂) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဆုံးဖြတ်ချက် (Decision of Unconstitutionality)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၇(၂) အရ ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်

ချက် အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တရားမဝင်ကြောင်း ကြေညာခြင်းဖြစ်ပြီး ဆုံးဖြတ်ချက်ချသည့်နေ့မှစ၍ အဏာသက်ရောက်မှုရှိသည်။ ထို့ကြောင့် မူသဘောတရားအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် ဆုံးဖြတ်ချက်များသည် အောက်ပါခြွင်းချက်များနှင့် သက်ဆိုင်သည်။

ခြွင်းချက်တစ်ရပ်အနေဖြင့် ပြစ်မှုကြောင်းအရပြစ်ဒဏ်သတ်မှတ်သည့် မည်သည့်ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်မဆို နောက်ကြောင်းပြန်အာဏာသက်ရောက်မှုမရှိပါ။ သို့ရာတွင် အဆိုပါ ပြစ်မှုကြောင်းအရ ပြစ်ဒဏ်သတ်မှတ်သည့် ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်သည့် တင်သွင်းလွှာများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ဆုံးဖြတ်ချက်များသည် နောက်ကြောင်းပြန်အာဏာသက်ရောက်မှု ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၄၇(၃) တွင် ခြွင်းချက်အဖြစ် အတိအလင်းပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၄၇(၃) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြစ်မှုကြောင်းအရ ပြစ်ဒဏ်သတ်မှတ်သည့် ပြဋ္ဌာန်းဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း ပထမဦးစွာ ဆုံးဖြတ်ခဲ့သည်။ အဆိုပါပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ နောက်တစ်ကြိမ် ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ဒုတိယအကြိမ် ဆုံးဖြတ်ခဲ့သည်။ ထိုသို့သော အခြေအနေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ဒုတိယအကြိမ် ဆုံးဖြတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း ပထမအကြိမ် ဆုံးဖြတ်ချက် ချခဲ့သည့်ရက်၏ နောက်တစ်ရက်မှစတင်၍ နောက်ကြောင်းပြန်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ခြွင်းချက်အနေဖြင့် ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ဆုံးဖြတ်ချက်များကို နောက်ကြောင်းပြန်အာဏာ သက်ရောက်မှုရှိစေကြောင်း ပြဋ္ဌာန်းချက်၏ ဒုတိယခြွင်းချက်သည် Concret Review စနစ်အရ တရားရုံးတွင် ဖြစ်ပွားနေသော အမှုတွင်ပါဝင်သော အမှုသည်များအား သက်သာခွင့်ရရှိစေရန် အထောက်အကူပေးစေလိုသည့် ရည်ရွယ်ချက်ဖြစ်သည်။ မူသဘောတရားအရ ပြဋ္ဌာန်းဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်ကြောင်း ဆုံးဖြတ်ချက်သည် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှစ၍ အကျိုး

သက်ရောက်မှုရှိသော်လည်း အောက်ဖော်ပြပါဆုံးဖြတ်ချက်များသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုရှိသည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်တင်သွင်းသောအမှုများ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း ဆုံးဖြတ်ခြင်းမပြုရသေးသည့် တူညီသောကောက်ချက် သို့မဟုတ် ပြဿနာအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းသည့် အလားတူအမှုများ သို့မဟုတ် မူလတရားရုံး၏ လွှဲအပ်ချက်အရ ကောက်ချက်တစ်ရပ်တည်းပေါ် တင်သွင်းသည့် အလားတူအမှုများ၊

(၃) ပြဋ္ဌာန်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖြစ်ကြောင်း ကြိုတင်စီရင်ချက်တစ်ခုကို ရယူရန်လိုအပ်သည့်အခါ မူလတရားရုံးတွင် ဆိုင်ငံ့ထားသောအမှုများ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အခြားသောစီရင်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှုများကို အောက်ပါအတိုင်း ဖြည့်စွက်တင်ပြထားသည်။

**စွပ်စွဲပြစ်တင်ခြင်းဆုံးဖြတ်ချက် အကျိုးသက်ရောက်မှု**နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၄(၁) အရ အစိုးရအရာရှိ တစ်ဦးသည် စွပ်စွဲပြစ်တင်ကြောင်းဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသော်လည်း ပြစ်မှုကြောင်းအရ သော်လည်းကောင်း သို့မဟုတ် တရားမကြောင်းအရသော်လည်းကောင်း တာဝန်ရှိမှုမှ ကင်းလွတ်ခွင့်မရရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၄(၂)အရ စွပ်စွဲပြစ်တင်သည့် ဆုံးဖြတ်ချက်ဖြင့် အစိုးရအရာရှိအဖြစ်မှ ဖယ်ရှားခြင်းခံရသူ မည်သူမဆို စွပ်စွဲပြစ်တင်သည့် ဆုံးဖြတ်ချက်ကို ကြေညာနေ့ရက်မှစ၍ (၅)နှစ်အထိ အဆိုပါအစိုးရရာထူးနေရာကို ထမ်းဆောင်ခွင့် မရှိပါ။

**နိုင်ငံရေးပါတီဖျက်သိမ်းခြင်း ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှု**နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၅၉ နှင့် ၆၀ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက နိုင်ငံရေးပါတီကို ဖျက်သိမ်းကြောင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ထုတ်ပြန်သည့်အခါ အဆိုပါ နိုင်ငံရေးပါတီကို တရားဝင်ဖျက်သိမ်းရမည်။ အဆိုပါ နိုင်ငံရေးပါတီ တရားဝင်ဖျက်သိမ်းခြင်းကို အမျိုးသားရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများအက်ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရသည်။

**လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ၏ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှု** နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၆၇ အရ လုပ်ပိုင်ခွင့်ဆိုင်ရာ

အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ချမှတ်သည့် ဆုံးဖြတ်ချက်များသည် နိုင်ငံအဖွဲ့အစည်းများနှင့် ဒေသန္တရအစိုးရအဖွဲ့များအားလုံးအပေါ် အကျိုးသက်ရောက်မှု ရှိသည်။ နိုင်ငံအဖွဲ့အစည်း သို့မဟုတ် ဒေသန္တရအစိုးရတစ်ရပ်၏ လုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရန် ဖွဲစည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အဆိုပါ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတို့မှ လုပ်ငန်းများကို ဆောင်ရွက်ရန်လုပ်ပိုင်ခွင့် ပေးအပ်ထားပြီး ဖြစ်သော ပုဂ္ဂိုလ်တစ်ဦး အပေါ် အကျိုးသက်ရောက်မှုမရှိပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတိုင်လျှောက်မှုများ၏ ဆုံးဖြတ်ချက် အကျိုးသက်ရောက်မှု** နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအက်ဥပဒေ အပိုဒ် ၆၈(၁) အရ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များသည် အခြေခံအခွင့်အရေးများကို ချိုးဖောက်မှု ဖြစ်စေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပယ်ဖျက်နိုင်သည်။ သို့မဟုတ် နိုင်ငံတော်အစိုးရသည် ၎င်းဆောင်ရွက်ပေးရမည့်ကိစ္စများကို မဆောင်ရွက်ခြင်းကြောင့် အခြေခံအခွင့်အရေးများကို ချိုးဖောက်မှုဖြစ်စေလျှင် ထိုသို့မဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အတည် ပြုနိုင်သည်။ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ သို့မဟုတ် နိုင်ငံတော် အစိုးရမှ ဆောင်ရွက် ပေးရမည့် ကိစ္စများကို မဆောင်ရွက်ခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိသော ပြဋ္ဌာန်းဥပဒေများ သို့မဟုတ် ပြဋ္ဌာန်းချက်များကြောင့် ဖြစ်လျှင် အဆိုပါ ပြဋ္ဌာန်း ဥပဒေများ သို့မဟုတ် ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း ကြေညာနိုင်သည်။

## (၃) ပုံစံပြောင်းဆုံးဖြတ်ချက်များ

တောင်ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တည်ထောင်ပြီး နှစ်ပေါင်းများစွာ ကြာပြီးနောက် ဖွဲစည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း (Unconstitutionality) ဆုံးဖြတ်သည့်ပုံစံ ကို ပြောင်းလဲခဲ့သည်။ ပြုပြင်ပြောင်းလဲခဲ့သည့် ဆုံးဖြတ်ချက်ပုံစံများမှာ- ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်းတွေ့ရှိရသည့် ဆုံးဖြတ်ချက်များ (Nonconformity Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality decisions) ဖြစ်သည်။

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိသည့် ဆုံးဖြတ်ချက်များ (Non-conformity Decisions)**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြဋ္ဌာန်းချက်တစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်လျှင် အဆိုပါပြဋ္ဌာန်းချက်ပါ ဥပဒေသည် ချက်ချင်းပျက်ပြယ်မည်ဖြစ်သည်။ ထိုသို့ ဥပဒေသည် လုံးဝပျက်ပြယ်ခြင်းကြောင့် ဥပဒေကြောင်းအရ ဟာကွက် သို့မဟုတ် မရေရာမသေချာသောရှုပ်ထွေးမှုများကို ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြဋ္ဌာန်းချက်တစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဆုံးဖြတ်ချက် (Unconstitutionality Decision) ဟု ကြေညာမည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် လိုက်လျောညီထွေမရှိသည့် ဆုံးဖြတ်ချက် (Nonconforming to the Constitution) ဟု ကြေညာခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက်ချသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း (Unconstitutionality) ဆုံးဖြတ်ခြင်းသည် ဥပဒေအရတည်ငြိမ်မှုကို လျော့နည်းစေပြီး ဥပဒေပြုအဖွဲ့၏လုပ်ပိုင်ခွင့်များကို လွန်ကဲစွာ ကန့်သတ်ရာရောက်မည်ဖြစ်ကြောင်း လေ့လာသုံးသပ်ခဲ့သည်။ တကယ့်လက်တွေ့တွင် ပြဿနာများကို ဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိသည့် ဆုံးဖြတ်ချက် (Nonconformity Decision)ဖြင့် ဆုံးဖြတ်သော်လည်း အဆိုပါဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ခြင်း (Unconstitutionality Decision) ကို ဆိုလိုခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက် (Nonconformity Decision) ကို အောက်ဖော်ပြပါပုံစံများထဲမှ ပုံစံတစ်ခုဖြင့် ဆုံးဖြတ်ချမှတ်နိုင်သည်-

(၁) ပြဿနာပေါ်ပေါက်သည့် ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိသည်ကို တွေ့ရှိရကြောင်း (Nonconforming to the Constitution) ရှင်းလင်းဖော်ပြခြင်း၊

(၂) သုံးသပ်ရန်လိုအပ်သည့် ပြဋ္ဌာန်းချက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း (Nonconforming to the Constitution) ကြေညာပြီးနောက် အဆိုပါဥပဒေကို ကျင့်သုံးမှုနှင့်စပ်လျဉ်း၍ ချက်ချင်း ဆိုင်းငံ့ရန် အမိန့်ချမှတ်ခြင်း၊

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း (Nonconforming to the Constitution) ကြေညာပြီးနောက် ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြီး

သည်အထိ အဆိုပါဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်ကို ဆက်လက်ကျင့်သုံးရန် အမိန့်ချမှတ်ခြင်း။

နောက်ဆုံးတစ်ချက်အရ ဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပြဋ္ဌာန်းချက်ကို ပြင်ဆင်ပြီးစီးရမည့်နောက်ဆုံးရက်ကို တစ်ခါတည်း သတ်မှတ်နိုင်သည်။ ဥပဒေပြုအဖွဲ့သည် အဆိုပါသတ်မှတ်သည့်ရက်အတွင်း ပြဿနာဖြစ်ပေါ်သည့် ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်ပျက်ကွက်လျှင် အဆိုပါသတ်မှတ်ရက်ကုန်ဆုံးပြီးနောက်နေ့တွင် ထိုဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်သည် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သတ်မှတ်နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက် (Nonconformity Decision) သည် ပြဿနာဖြစ်သည့် ပြဋ္ဌာန်းဥပဒေ၏ မူလစာသားကို ထိန်းသိမ်းခြင်းဖြစ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ ထိုပြဋ္ဌာန်းဥပဒေကို ပြင်ဆင်ရန် ဥပဒေပြုအဖွဲ့သို့ တောင်းဆိုခြင်းလည်း ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက် (Nonconformity Decision) ကို အကောင်အထည်ဖော်ခြင်းသည် ဥပဒေပြုအဖွဲ့အပေါ်တွင် မူတည်သည်။

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ချက်များ (Conditional Constitutionality Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions)**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ကျင့်သုံးသည့် နောက်ထပ်ဆုံးဖြတ်ချက် ပုံစံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ခြင်းများ (Conditional Constitutionality Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ခြင်းများ (Conditional Unconstitutionality Decisions) ဖြစ်သည်။ ထိုဆုံးဖြတ်ချက်ပုံစံသည် တည်ဆဲဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသုံးပြုခြင်း ဖြစ်သည်။

တည်ဆဲဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အဆိုပါဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပိုင်း သာမက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည့်အပိုင်းလည်း ပါရှိနေခြင်းစသည့်

ရောထွေးမှုများ ရှိနေခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ချက်ချရာတွင် ဒွိဟဖြစ်သည့်အခြေအနေမျိုးတွင် ယခုဆုံးဖြတ်ချက်ပုံစံကို အသုံးပြုခြင်းဖြစ်သည်။ ဥပမာအားဖြင့် ပြဋ္ဌာန်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြဋ္ဌာန်းဥပဒေပါ တစ်စိတ်တစ်ပိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် အခြေအနေရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ချက် (Conditional Constitutionality Decision) ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်မှုမရှိကြောင်း ဆုံးဖြတ်ချက် (Conditional Unconstitutionality Decision) ဖြစ်စေ ဆုံးဖြတ်နိုင်သည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ချက်များ (Conditional Constitutionality Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) နှစ်မျိုးစလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့် သဘောပါဝင်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့် အပိုင်းကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုဘဲ ချန်ထားမလား သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည့်အပိုင်းကို ကန့်သတ်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုမလား စသည်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စဉ်းစားရမည်။

အဆိုပါဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ မူလတရားရုံးများက အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပေါ်တွင် မူတည်သည်။ လက်တွေ့တွင် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် မူလတရားရုံးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပေါ် သဘောတူညီမှုမရှိခြင်းကြောင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် ချွတ်ယွင်းချက်များ ဖြစ်ပေါ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ကနဦးကတည်းက ၎င်းဆုံးဖြတ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင် ညီညွတ်မှုမရှိသည့်ဆုံးဖြတ်ချက်များ အရေအတွက်စုစုပေါင်းကို ဆုံးဖြတ်ချက်အမျိုးအစားပေါ်တွင် ပိုင်းခြားလျက် ဇယား (၂) တွင် ဖော်ပြထားသည်။

| Type of case | Unconstitutional | Nonconformity | Conditionally Unconstitutional | Conditionally Constitutional | Total |
|---|---|---|---|---|---|
| Constitutionality of Statutes Article 41 | 298 | 84 | 18 | 7 | 1,029 |
| Ratio (%) | 28.96 | 8.16 | 1.75 | 0.68 | 100 |
| Constitutional Compliant under Article 68 (2) | 248 | 106 | 32 | 21 | 8,677 |
| Ratio (%) | 2.86 | 1.22 | 0.37 | 0.24 | 100 |

## ၂။ ပုံစံပြောင်း ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ လိုက်နာအကောင်အထည်ဖော်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များကဲ့သို့ ပုံစံပြောင်း ဆုံးဖြတ်ချက်များ၏ စည်းနှောင်မှုနှင့်စပ်လျဉ်း၍ တိကျရှင်းလင်းသော ပြဋ္ဌာန်းချက်မရှိခြင်းကြောင့် နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် တစ်ခါတစ်ရံ ပြဿနာများပေါ်ပေါက်သည်။

အထက်တွင်ဖော်ပြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိသည့် ဆုံးဖြတ်ချက်များ (Nonconformity Decisions)နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များအရ ပြဋ္ဌာန်းဥပဒေများကို ပြင်ဆင်ခြင်းတို့ကို အပြည့်အဝ အကောင်အထည်ဖော်ရန် ဥပဒေပြုအဖွဲ့အပေါ် မူတည်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ချက်များ (Conditional Constitutionality Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်း မရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions)နှင့်စပ်လျဉ်း၍ မူလတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များနှင့်အညီ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်သည်။

အောက်ဖော်ပြပါအပိုင်းသည် ဥပဒေပြုအဖွဲ့နှင့် မူလတရားရုံးတို့နှင့်ပတ်သက်သည့် ပုံစံပြောင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် ပေါ်ပေါက်သောပြဿနာများကို ဥပမာပြု၍ ဖော်ပြထားခြင်းဖြစ်သည်။

## က။ လွှတ်တော်၏ ပြင်ဆင်ချက်ဥပဒေအရ လိုက်နာအကောင်အထည်ဖော်ခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိသည်များကို ပယ်ဖျက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိသည့် သက်ဆိုင်ရာပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်တာဝန်သည် ဥပဒေပြုအဖွဲ့တွင် တာဝန်ရှိသည်။ ဥပဒေပြုအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ညီညွတ်ခြင်း မရှိသည့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ပြီးနောက် ပြင်ဆင်ထားသောပြဋ္ဌာန်းချက်တွင် ပါဝင်သည့် အကြောင်းအရာများ ကျင့်သုံးခြင်းကို လိုအပ်သလိုဆောင်ရွက်ခွင့်ရှိသည်။ ထို့ကြောင့် အမှုအများစုတွင် ဥပဒေပြုအဖွဲ့သည် ပြင်ဆင်ထားသော ပြဋ္ဌာန်းဥပဒေကိုကျင့်သုံးသည့်အခါ အဆိုပါပြင်ဆင်ထားသောဥပဒေ အာဏာအတည်ပြီးနောက် ဖြစ်ပွားသောကိစ္စရပ်များတွင် ထိုဥပဒေကို ကျင့်သုံးမည် သို့မဟုတ် အဆိုပါပြင်ဆင်ထားသောဥပဒေ အာဏာမတည်မီ ဖြစ်ပွားသော ကိစ္စရပ်များတွင် ထိုဥပဒေကိုကျင့်သုံးမည်စသည်တို့နှင့်ပတ်သက်၍ လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိသည်။

စက်တင်ဘာလ ၁၉၉၈ ခုနှစ် မှ ဒီဇင်ဘာလ ၂၀၂၀ ခုနှစ်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ဆုံးဖြတ်ခဲ့သည့် ပြဋ္ဌာန်းဥပဒေများနှင့် ဥပဒေပြင်ဆင်ရန် တောင်းဆိုသော ပြဋ္ဌာန်းဥပဒေများကို အောက်ပါအတိုင်း ဖော်ပြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လိုက်လျောညီထွေမှုမရှိကြောင်း တွေ့ရှိသည့် ဆုံးဖြတ်ချက် ၂၀၉ ခု အနက်မှ ပြဋ္ဌာန်းဥပဒေများ ၁၉၀ ခုကို ဆုံးဖြတ်ချက်များနှင့်အညီ ပြင်ဆင်ခဲ့ပြီး ပြဋ္ဌာန်းဥပဒေ ၁၉ ခုကို ယခုတိုင်း ပြင်ဆင်ခြင်းမပြုခဲ့ပေ။

| | Decisions | Amended | Not Amended |
|---|---|---|---|
| Unconstitutional | 541 | 525 | 16 |
| **Nonconformity** | **209** | **190** | **19** |
| Conditionally Unconstitutional | 58 | 48 | 10 |
| Conditionally Constitutional | 34 | 31 | 3 |

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက်များအရ ဆောင်ရွက်ခဲ့သည့် ပြင်ဆင်ချက်များနှင့် ဥပဒေပြု

အဖွဲ့က ပြဋ္ဌာန်းဥပဒေများကို အချိန်မီပြင်ဆင်ရန် ပျက်ကွက်ခဲ့သည့် အခြားသောအမှုများကို ဥပမာအနေဖြင့်အောက်ပါအတိုင်း ထည့်သွင်းတင်ပြသည်။

**(၁) ဥပဒေပြင်ဆင်ပြီး ရလာဒ်ပေါ်ပေါက်သည့်အမှုများ**

**(က) စစ်မှုထမ်းရန်ငြင်းဆိုသူများနှင့်သက်ဆိုင်သည့်အမှု (2011 Hun-Ba 379 and 27 other cases)**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျော ညီထွေမရှိခြင်း (Nonconforming to the Constitution) ဆုံးဖြတ်ချက်ကို ဥပဒေပြုအဖွဲ့က လိုက်နာ၍ ပြဋ္ဌာန်းချက်များပြင်ဆင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် စစ်မှုထမ်းရန်ငြင်းဆိုသူများမှ တင်သွင်းသည့်အမှုကို ၂၀၁၁ ခုနှစ်တွင် စိစစ်ခဲ့ သည်။

စစ်ဘက်ဆိုင်ရာတာဝန်ထမ်းဆောင်ခြင်းအက်ဥပဒေ (the Military Service Act) တွင် လိုအပ်သည့် စစ်ရေးလေ့ကျင့်မှုအတွက် မဖြစ်မနေစစ်ဘက်ဆိုင်ရာ တာဝန်ထမ်းခြင်းနှင့်ဆိုင် သောပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ အဆိုပါအက်ဥပဒေတွင် စစ်မှုထမ်းရန်ငြင်းဆို သူများအတွက် စစ်တပ်အတွင်း အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာတာဝန် ထမ်းဆောင် ရန် တာဝန်နှင့်ပတ်သက်သည့်နည်းလမ်းများ မရှိသည့်အတွက် ၎င်းတို့အား စစ်ဘက်ဆိုင်ရာ တာဝန်ဝတ္တရားများကို ချိုးဖောက်ရန် တွန်းအားဖြစ်စေခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မဖြစ်မနေ စစ်ဘက်ဆိုင်ရာတာဝန် ထမ်း ဆောင်ရန် ပြဋ္ဌာန်းချက်တွင် အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာတာဝန် ထမ်းဆောင်ရန် တာဝန်နှင့်ပတ်သက်သည့်နည်းလမ်းများ ထည့်သွင်းပြဋ္ဌာန်းခြင်း မရှိသည့်အတွက် စစ်မှုထမ်း ရန်ငြင်းဆိုသူများ၏ လွတ်လပ်ခွင့်ကို ပိတ်ပင်ရာရောက်သည့် ပြဋ္ဌာန်းချက် ဖြစ်သည်ကို တွေ့ရှိ ခဲ့သည်။ စစ်ဘက်ဆိုင်ရာတာဝန်ထမ်းဆောင်ခြင်းသည် အမျိုးသားလုံခြုံရေးနှင့် စစ်ရေး ကျွမ်းကျင်ရမည့် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသားလုံခြုံရေးနှင့် တရားမျှတသော စစ်ဘက်ဆိုင်ရာတာဝန်ထမ်းဆောင်မှုဖြစ်စေရမည့်အပြင် မဖြစ်မနေ စစ်ဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်ရမည့် ရည်ရွယ်ချက်ကိုလည်း ထိခိုက်မှုမဖြစ်စေရန် စစ်မှုထမ်းရန်ငြင်းဆိုသူများအတွက် အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာ တာဝန် ထမ်းဆောင်ရန် တာဝန်နှင့်ပတ်သက်သည့်နည်းလမ်းများ ပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက မဖြစ်မနေ စစ်ဘက်ဆိုင်ရာတာဝန်ထမ်းခြင်းနှင့်ဆိုင်သောပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ကြောင်း ဆုံးဖြတ်လျှင် စစ်မှုတာဝန်ထမ်းဆောင်ခြင်းအမျိုးအစားများနှင့်ဆိုင်သော ဤပြဋ္ဌာန်းချက်ပါ ဥပဒေတစ်ခုလုံးသည် ပျက်ပြယ်လိမ့်မည်ဖြစ်သည့်အပြင် စစ်ဘက်ဆိုင်ရာတာဝန်ဝတ္တရားများကို ဥပဒေနှင့်အညီ ထမ်းဆောင်စေရန် ဥပဒေဖြင့်သတ်မှတ်ထားသောအကြောင်းပြချက်များ မရှိသည့် ရလဒ်ဖြစ်ပေါ်မည်ဟု တရားရုံးက သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လိုက်လျောညီထွေမရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ခဲ့ပြီး လွှတ်တော်အနေဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ အဆိုပါပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ စစ်မှုထမ်းရန်ငြင်းဆိုသူများအတွက် အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာတာဝန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်သော နည်းလမ်းများကို ပြဋ္ဌာန်းရန် ဥပဒေပြုအဖွဲ့နှင့် လူအဖွဲ့အစည်းအကြား ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စစ်မှုထမ်းခြင်းအမျိုးအစားတွင် အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာတာဝန် ထမ်းဆောင်ခြင်း (Alternative Service) ကို သတ်မှတ်ပြဋ္ဌာန်းရန် လွှတ်တော်သို့ အခွင့်အရေးပေးခဲ့သည်။

ထို့နောက် အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာတာဝန် ထမ်းဆောင်ခြင်း (Alternative Service) သည် စစ်ဘက်ဆိုင်ရာတာဝန်ထမ်းဆောင်ခြင်းအမျိုးအစားအနက် တစ်ခု ဖြစ်သည့်အတွက် လွှတ်တော်သည် ဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဥပဒေအသစ်မှာ “အခြားရွေးချယ်နိုင်သည့် စစ်ဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်ခြင်းအတွက် စာရင်း ပေးခြင်းနှင့် စစ်မှုထမ်းခြင်း အက်ဥပဒေ” (Act on Enlistment and Service for Alternative Service” ဖြစ်သည်။

## (ခ) လွှတ်တော်အဆောက်အအုံပြင်ပ ၁၀၀ မီတာအတွင်း စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်းကို တားမြစ်ခြင်း (2013 Hun-Ba 322, etc., May 31, 2018)

ဒုတိယအမှုအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် စုဝေးခြင်း နှင့် ဆန္ဒထုတ်ဖော်ခြင်းအက်ဥပဒေ (the Assembly and Demonstration Act) အရ လွှတ်တော်၏ မီတာ ၁၀၀ ပတ်လည်အတွင်း စုဝေးခြင်းနှင့်ဆန္ဒထုတ်ဖော်ခြင်းကို

တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်လျှောက်သည့်အမှုကို စစ်ဆေးခဲ့သည်။ တိုင်လျှောက်သူများက ဤအက်ဥပဒေအရ လွှတ်တော်၏ မီတာ ၁၀၀ ပတ်လည်အတွင်း စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်းကို တားမြစ်သည့် ပြဋ္ဌာန်းချက်သည် ၎င်းတို့၏ လွတ်လပ်စွာစုဝေးခွင့်ကို တားဆီးပိတ်ပင်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး အက်ဥပဒေ အပိုဒ် ၆၈ (၂) နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုင်လျှောက်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ကာကွယ်ခြင်းသည် ဥပဒေပြုအဖွဲ့၏ ရည်ရွယ်ချက်ပင်ဖြစ်သော်လည်း လူအနည်းငယ်ဖြင့် စုဝေးခြင်း နှင့် လွှတ်တော်ရပ်နားထားချိန် အားလပ်ရက်များတွင် စုဝေးမှုများ ပြုလုပ်ခြင်းတို့သည် လွှတ်တော်၏ လုပ်ငန်းတာဝန်များကို တိုက်ရိုက် အနှောင့်အယှက်ပေးခြင်း မဖြစ်ပေါ်စေဘဲ ဥပဒေအရ အတားအဆီးပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း သုံးသပ်ခဲ့သည်။ သို့သော် အကြမ်းဖက်မှုဖြစ်စေသော စုဝေးခြင်းများကို တားမြစ်သင့်ခြင်းကြောင့် ဥပဒေပြုသူများအနေဖြင့် သီးခြားခြွင်းချက်များကို ထပ်မံဆွေးနွေးသင့်ကြောင်း သုံးသပ်ခဲ့သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း (Unconstitutionality) ကြေညာမည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေ မရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အဆိုပါ ပြဋ္ဌာန်းချက်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့နောက်ဆုံးထား၍ ပြင်ရန်နှင့် ထိုသတ်မှတ်ရက်အတွင်း ပြင်ဆင်ပြီးသည်အထိ ဤဥပဒေကို ယာယီကျင့်သုံးရန် အမိန့်ချမှတ်ခဲ့သည်။

ယခုအမှုတွင် လွှတ်တော်သည် ဤဥပဒေကိုပြင်ဆင်ရန် နောက်ဆုံးသတ်မှတ်သည့်ရက် ကုန်ဆုံးပြီး (၆)လ ကျော်လွန်သည့် ၂၀၂၀ ခုနှစ် ဇွန်လ (၉) ရက်နေ့မှသာ ပြင်ဆင်ခဲ့သည်။ ပြင်ဆင်သောပြဋ္ဌာန်းချက်သည် အဆိုပါနေ့တစ်ရက်တည်းတွင် အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ပြင်ဆင်သောပြဋ္ဌာန်းချက်သည် လွှတ်တော်အဆောက်အအုံနယ်နိမိတ်မှ မီတာ ၁၀၀ အတွင်း စုဝေးခြင်းများ သို့မဟုတ် ဆန္ဒထုတ်ဖော်ခြင်းများကို ခြွင်းချက်ဖြင့် တားမြစ်ခဲ့သည်။ ခြွင်းချက်အနေဖြင့် (၁) စုဝေးခြင်းများ သို့မဟုတ် ဆန္ဒထုတ်ဖော်ခြင်းများသည် လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များကို အနှောင့်အယှက်အတားအဆီးဖြစ်စေခြင်း၊ (၂) လူအမြောက်အများဖြင့် အကြမ်းဖက်မှုဖြစ်စေနိုင်သော စုဝေးခြင်း သို့မဟုတ် ဆန္ဒထုတ်ဖော်ခြင်းဖြင့်

လွှတ်တော်၏ လုပ်ငန်းများကို ထိခိုက်စေသည့် ခြိမ်းခြောက်မှုမျိုးကို မဖြစ်စေသည့် ပြုလုပ်မှုများ ဖြစ်ရမည်ဟု ခွင်းချက်ပြု၍ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ခဲ့သည်။

ယခုအမှုတွင် လွှတ်တော်သည် သတ်မှတ်ထားသည့်ရက်အတွင်း ပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်ပျက်ကွက်ခဲ့သော်လည်း အချိန်မကြာသည့်ကာလအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးဆုံးဖြတ်ချက်နှင့်အညီ ဥပဒေကိုပြင်ဆင်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ချက်သည် ဥပဒေ၏ မူလစာသားများကို လုံးဝပယ်ဖျက်ခြင်း မပြုဘဲ ထိန်းသိမ်းခြင်းလည်းဖြစ်သကဲ့သို့ ဥပဒေပြုအဖွဲ့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံး၏ စီရင်ချက်နှင့်အညီ ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်လိုအပ် သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်းသည် ဥပဒေပြုအဖွဲ့ပေါ်တွင် မူတည်သည်။

## (၂) လွှတ်တော်မှ ဥပဒေအားပြင်ဆင်ရန် ဆိုင်းငံ့ထားခြင်းနှင့် သက်ဆိုင်သည့်အမှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ထားသည့်အပေါ် လွှတ်တော်က လိုက်နာအကောင်အထည်ဖော်ခြင်း၊ ပြင်ဆင်ခြင်းမရှိဘဲ ဆိုင်းငံ့မှုများ ဖြစ်ပေါ်သော အောက်ပါ အမှုများကို သာဓကအနေဖြင့် ဖော်ပြပါသည်။

### (က) ကိုယ်ဝန်ဖျက်ချခြင်းပြစ်မှုများနှင့် သက်ဆိုင်သည့်အမှု (2017 Hun-Ba 127, April 11, 2019)

၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ကိုယ်ဝန်ဖျက်ချခြင်းသည် ပြစ်မှုမြောက်စေကြောင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့သောအမှုသည် ထင်ရှားသောနမူနာတစ်ခု ဖြစ်ခဲ့သည်။ ဤအမှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အငြင်းပွားသည့်ကိစ္စ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ခဲ့သည်။

ယခင်က ပြစ်မှုဆိုင်ရာအက်ဥပဒေ (Criminal Act) သည် ဆေးဝါးအသုံးပြုခြင်းဖြင့် လည်းကောင်း သို့မဟုတ် အခြားသောနည်းလမ်းဖြင့်လည်းကောင်း၊ ကိုယ်ဝန်ဆောင် အမျိုး

သမီး၏ တောင်းဆိုချက်အရ ဆရာဝန်ဖြင့် ကိုယ်ဝန်ဖျက်သည့် အမျိုးသမီးကို ထောင်ဒဏ် သို့မဟုတ် ငွေဒဏ်ဖြင့်အပြစ်ပေးခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ပြစ်မှုဆိုင်ရာအက်ဥပဒေပါ ပြဋ္ဌာန်းချက်သည် ကိုယ်ဝန်ဆောင် အမျိုးသမီး၏ ကိုယ်ခန္ဓာကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများ သို့မဟုတ် ကိုယ်ဝန်ဆောင်ချိန်ကာလ ၂၂ ပတ်အတွင်း ကောင်းမွန်သည့် အလားအလာရှိသည့် သန္ဓေသားလောင်းအခြေအနေစသည်တို့ကိုထည့်သွင်း စဉ်းစားခြင်းမရှိဘဲ မည်သည့်ကိုယ်ဝန်ဖျက်ချမှုလုပ်ရပ်အားလုံးကိုမဆို အပြစ်ပေးခြင်းကြောင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် (Self- Determination) အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်စွာ ကန့်သတ်ရာရောက်ကြောင်း လက်ခံခဲ့သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ခဲ့သည်။

မည်သို့ပင်ဆိုစေ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် ပြဋ္ဌာန်းချက်ကို အလွယ်တကူ ပယ်ဖျက်လိုက်လျှင် လက်ခံနိုင်ဖွယ်မရှိသည့် ကိုယ်ဝန်ဖျက်ချခြင်းများအတွက် ပြဋ္ဌာန်းထားသည့်ဥပဒေများပါ ပျောက်ကွယ်ပြီး ဥပဒေ လစ်ဟာမှု တစ်ရပ်ဖြစ်လာမည်။ ထို့ကြောင့် ဥပဒေပြုအဖွဲ့သည် သီးခြားခြွင်းချက်များကို ပြဋ္ဌာန်းရန် လိုအပ်သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိကြောင်း (Nonconforming to the Constitution) ဆုံးဖြတ်ပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နောက်ဆုံးထား၍ ပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန် အမိန့်ချမှတ်ခဲ့သည်။ သို့သော် ဥပဒေပြုလွှတ်တော်သည် သတ်မှတ်သည့်ရက်အတွင်း ပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန် ပျက်ကွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် အဆိုပါပြဋ္ဌာန်းချက်သည် အလိုအလျောက် ပျက်ပြယ်ခဲ့သည်။

## (ခ) ညအချိန်လွှတ်တော်ပြင်ပတွင် စုဝေးခြင်းနှင့် ဆန္ဒထုတ်ဖော်ခြင်းကို တားမြစ်ခြင်း (2008 Hun-Ka 25, September 24, 2009)

ဒုတိယအမှုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ညအချိန် လွှတ်တော်ပြင်ပတွင်စုဝေးခြင်းကို တားမြစ်သည့်အမှုကို ၂၀၀၈ ခုနှစ်တွင် စစ်ဆေးခဲ့သည်။

စုဝေးခြင်း နှင့် ဆန္ဒထုတ်ဖော်ခြင်းအက်ဥပဒေ (The Assembly and Demonstration Act)တွင် ခရိုင်ရဲအရာရှိချုပ်သည် စုဝေးရသည့်အကြောင်းအရင်းကို ကြိုတင်သုံးသပ်၍ ခွင့်ပြုခြင်းမှတစ်ပါး နေမထွက်မီနှင့် နေဝင်ပြီးအချိန် လွှတ်တော်ပြင်ပတွင် စုဝေးခြင်းများကို တားမြစ်သည့် ပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်ကို ချိုးဖောက်ခြင်းအတွက် ထိုက်သင့်သော ပြစ်ဒဏ်ကိုပါ ပြဋ္ဌာန်းထားသည်။ ခရိုင်တရားရုံးသည် ထိုပြဋ္ဌာန်းချက်ကို ချိုးဖောက်သည့်အမှုနှင့်စပ်လျဉ်း၍ စစ်ဆေးနေစဉ် သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းလွှာ တင်သွင်းခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားသူကြီး (၉)ဦးမှ (၅)ဦးက ခရိုင်ရဲအရာရှိချုပ်၏ ကြိုတင်သုံးသပ်ချက်နှင့် စုဝေးမှုခွင့်ပြုချက် လိုအပ်ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်ခဲ့သည်။ နောက်ထပ်တရားသူကြီး (၂)ဦးက ညဥ့်နက်သည့်အချိန်အထိ လွှတ်တော်ပြင်ပတွင် စုဝေးခြင်းကို တားမြစ်ရသည့် ဥပဒေပြုအဖွဲ့၏ ရည်ရွယ်ချက်သည် ပြည်သူများ ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန်ဖြစ်သည်။ သို့သော် နေဝင်ချိန်မှ နေထွက်ချိန်အထိဟု အလွန်အကျွံတားမြစ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည်ကို တွေ့ရသည်။ ဥပဒေပြုအဖွဲ့သည် “ညဥ့်နက်”ချိန်ဆိုသည့် အချိန်အတိုင်းအတာကို သတ်မှတ်ရန် လိုအပ်သည်။ ထို့ကြောင့် ဤအမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်မည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လိုက်လျောညီထွေမရှိဟု ဆုံးဖြတ်သင့်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက သုံးသပ်ခဲ့သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တရားသူကြီး (၆) ဦးသို့မဟုတ် (၆)ဦးထက်ပိုသော တရားသူကြီးများ၏ များရာဆန္ဒမဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်ချက် ချမှတ်သည့်သကဲ့သို့ ဤအမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လိုက်လျောညီထွေမရှိကြောင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ထို့နောက် ၂၀၁၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ဤပြဋ္ဌာန်းချက်ကို ပြင်ဆင်ရန်နှင့် အဆိုပါပြင်ဆင်ချက်ကို ပြင်ဆင်ပြီးသည်အထိ ပြဋ္ဌာန်းချက်များကို ဆက်လက်ကျင့်သုံးရန် အမိန့်ချမှတ်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ချက် ချမှတ်ပြီးနောက် ပြင်ဆင်ချက် ဥပဒေကြမ်းများကို လွှတ်တော်တွင် စတင်တင်သွင်းခဲ့သည်။ အဆိုပြုချက်များတွင် အချိန်သတ်မှတ်ခြင်းကို အမျိုးမျိုးအကြံပြုခဲ့သော်လည်း ခိုင်မာသည့် သဘောတူညီချက်နှင့် ဥပဒေကို ပြင်ဆင်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ပြင်ဆင်ရန် သတ်မှတ်ပေးထားသည့် နောက်ဆုံးအချိန်

ကုန်ဆုံးခြင်းကြောင့် ပြဋ္ဌာန်းချက်များသည် အလိုအလျောက် ပျက်ပြယ်ခဲ့သည်။ ယခုအချိန်အထိ ညဥ့်နက်ချိန်တွင် လွှတ်တော်ပြင်ပစုဝေးခြင်းအတွက် ပြစ်ဒဏ်ပေးခြင်းကို ဥပဒေအရ သတ်မှတ်ထားခြင်းမရှိပါ။

**ခ။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) အား လိုက်နာကျင့်သုံးခြင်းနှင့် ပတ်သက်၍ လိုက်နာအကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများ**

ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ကြောင်း ဆုံးဖြတ်ချက်များ (Conditional Constitutionality Decisions)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ၏ ပြုပြင်ပြောင်းလဲသောပုံစံ ဖြစ်သည်။ ထို့သို့ပြုပြင်ပြောင်းလဲသောပုံစံဖြင့် ဆုံးဖြတ်သောဆုံးဖြတ်ချက်များသည် နိုင်ငံအဖွဲ့အစည်းများအားလုံးအပေါ် စည်းနှောင်မှု ရှိပါသည်။

သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) သည် ဥပဒေအပေါ် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇ (၂) အရ အုပ်ချုပ်ရေးနှင့်ဆိုင်သော အမိန့်များ၊ စည်းမျဉ်း၊စည်းကမ်းများနှင့် ဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်ခြင်းကို တရားလွှတ်တော်ချုပ်အား အပ်နှင်းထားသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ဆန့်ကျင်သည့် ဆုံးဖြတ်ချက်များ ဆုံးဖြတ်ရာတွင် တရားလွှတ်တော်ချုပ်သည် ၎င်းအား အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခြင်းအပေါ် လက်ခံခြင်းမရှိသည့်အပြင် ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှုလည်းမရှိဟု ယူဆသည့် အနေအထားရှိခြင်းကြောင့် အချို့သောအမှုများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် တရားလွှတ်တော်ချုပ်တို့အကြား အငြင်းပွားမှုများဖြစ်ပေါ်သည့် သာဓကများ ရှိပါသည်။

**(၁) အကျိုးအမြတ်ပေါ်တွင် ကောက်ခံသောအခွန်ငွေနှင့်သက်ဆိုင်သည့်အမှု (94Hun-Ba 40, etc., November 30, 1995.)**

၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သော အမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် တရားလွှတ်တော်ချုပ်တို့အကြား အငြင်းပွားမှု ဖြစ်စေခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ယခင်ဝင်ငွေခွန် အက်ဥပဒေ ပုဒ်မ ၂၃ (၄) အရ အကျိုးအမြတ်ပေါ်တွင် ကောက်ခံသောအခွန်ငွေ တွက်ချက်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အကျိုးအမြတ်ပေါ်တွင် ကောက်ခံသော အခွန်ငွေကို တွက်ချက်ရာတွင် စံနှုန်းသတ်မှတ်ထားသောတန်ဖိုးပေါ် အခြေပြု၍ တွက်ချက်ခြင်းသည် အခွန်ငွေပမာဏပိုများခြင်းကြောင့် အမှန်တန်ဖိုးကိုအခြေပြုတွက်ချက်သော အခွန်ငွေကို အကျိုးအမြတ်ပေါ်တွင်ကောက်ခံသောအခွန်ငွေဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး သက်ဆိုင်ရာပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၇ (၂) အရ တရားလွှတ်တော်ချုပ်အား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ထိခိုက်ခြင်းကြောင့် တရားလွှတ်တော်ချုပ်သည် အဆိုပါဆုံးဖြတ်ချက်အပေါ် သဘောတူညီမှု မရှိသည့်အပြင် ဆုံးဖြတ်ချက်ကို လိုက်နာရန်ငြင်းဆိုခဲ့သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတိုင်လျှောက်မှု တင်သွင်းရန် ပုဂ္ဂိုလ်တစ်ဦးချင်း သည် တရားလွှတ်တော်ချုပ်ထံ သက်သာခွင့်တင်ရန် ပျက်ကွက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးထံမှ သင့်လျော်သောဆုံးဖြတ်ချက်ကို ရရှိခဲ့သည်။ ပထမအမှုတွင် ပါဝင်သည့် တူညီသောအမှုသည်များကပင် ထပ်မံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တိုင်လျှောက်မှုကို တင်သွင်းသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် တရားလွှတ်တော်ချုပ်၏ မူလအတိုင်းအခွန်ကောက်ခံခြင်း ဆုံးဖြတ်ချက်ကို ပယ်ဖျက်ခဲ့သည်။ သို့သော် တရားလွှတ်တော်ချုပ်သည် ၎င်း၏ သဘောထားအတိုင်း ရပ်တည်သော်လည်း အခွန်အရာရှိများက ပြဿနာဖြစ်ပေါ်သောအခွန်ငွေပမာဏကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်နှင့်အညီ ပြောင်းလဲခဲ့သည်။

### (၂) အစိုးရအရာရှိ၏ တံစိုးလက်ဆောင်ရယူမှု (2011Hun-Ba 117, December 27, 2012)

ဒုတိယအမှုအနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် အစိုးရအရာရှိ၏တံစိုးလာဘ်ဆောင်ရယူမှုကို ဆုံးဖြတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးအက်ဥပဒေ အပိုဒ် ၁၂၉(၁)သည် လုပ်ငန်းတာဝန်များနှင့်ဆက်စပ်လျက် တံစိုး လက်ဆောင်ကို လက်ခံခြင်း၊ တောင်းဆိုခြင်း သို့မဟုတ် ကတိကဝတ်ပြုခြင်းတို့ ပြုလုပ်သော အစိုးရအရာရှိအတွက် ပြစ်ဒဏ်ကျခံစေရန် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက် ဖြစ်သည်။ ဤအမှု ကို တင်သွင်းသူမှာ ဒေသန္တရအစိုးရတွင် ပြင်ပအကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည့် ပါမောက္ခတစ်ဦးဖြစ်သည်။ အဆိုပါ ပါမောက္ခမှ ၎င်းသည် "ပြင်ပအကြံပေး ပုဂ္ဂိုလ်" ဖြစ်ခြင်း ကြောင့် အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ သတ်မှတ်ထားသော "အစိုးရအရာရှိ" တစ်ဦး အဖြစ် ပါဝင်ခြင်းမရှိကြောင်း ငြင်းဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက "အစိုးရအရာရှိ" ဆိုသည့်စကားရပ်တွင် ပြင်ပအကြံပေးပုဂ္ဂိုလ်ပါဝင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ပြဋ္ဌာန်းချက်တွင် ရှင်းလင်းစွာသတ်မှတ်ထားခြင်း မရှိသူများကို ပြစ်မှုကြောင်းအရတာဝန်ရှိမှုမြောက်စေရန် တာဝန်ရှိမှုများကို လွန်ကဲစွာ တိုးမြှင့်ထားခြင်းကို ဖြစ်စေခြင်းကြောင့် အဆိုပါ "အစိုးရအရာရှိ" ဆိုသည့် စကားရပ်သည် အတိုင်းအတာတစ်ခုအထိ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

သို့သော် တရားလွှတ်တော်ချုပ်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် တိုင်လျှောက်သူ တင်သွင်းလာမှုကို အထက်ဖော်ပြပါ အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း ဆုံးဖြတ်ခဲ့သည်မှာ တစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီးဖြစ်သည်။ နောက်ပိုင်းတွင် တိုင်လျှောက်သူများ က ၂၀၁၁ ခုနှစ် စီရင်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်နှင့်အညီ ပြောင်းလဲပေးရန် အယူခံတရားရုံးသို့လျှောက်ထားခဲ့သည်။ သို့သော် အယူခံတရားရုံးမှ လျှောက်ထားချက်ကို ငြင်းဆိုခဲ့သည်။ ဖော်ပြထားသည်မှာ ဤပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း (Conditional Unconstitutionality) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခြင်းသည် မူလတရားရုံးများအပေါ်တွင် စည်းနှောင်မှု မရှိကြောင်း ဖော်ပြပြီး တင်သွင်းလွှာကို ငြင်းဆိုခဲ့သည်။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် တရားလွှတ်တော်ချုပ်အကြား ကွဲလွဲသောဆုံးဖြတ်ချက်များသည် ပဋိပက္ခများဖြစ်ပေါ်ပြီး သက်ဆိုင်သောအမှုသည်များ အပေါ် ထိခိုက်မှုဖြစ်စေပါသည်။

**နိဂုံး**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အများပြည်သူအကျိုးအတွက် ပြုပြင် ပြောင်းလဲသော ဆုံးဖြတ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေမူသဘောတရားများနှင့်အညီ ဖန်တီးခဲ့ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီညွတ်မှုမရှိကြောင်း ဆုံးဖြတ် ခြင်း (Non conformity Decision) သည် တည်ဆဲဥပဒေနှင့် ဥပဒေပြုအဖွဲ့တို့၏ လုပ်ပိုင် ခွင့်များကို ထိခိုက်ခြင်းမရှိစေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ပြဋ္ဌာန်း ချက်ကို ပယ်ဖျက်သည့် ပုံစံဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း (Unconstitutionality) ဆုံးဖြတ်ရမည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှု မရှိကြောင်း ဆုံးဖြတ်ခြင်း (Non conformity Decision) သည် ဥပဒေပြုအဖွဲ့နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးတို့အကြား ထိန်းညှိမှုတစ်ရပ်ဖြစ်သည်။ ထို့ပြင် ပြင်ဆင်ရမည့် ဥပဒေအပေါ် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရန်၊ ကျယ်ပြန့်သောသုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ၏သဘောဆန္ဒကို ရယူရန်စသည့် ဆွေးနွေးညှိနှိုင်ခြင်းနည်းလမ်းဖြင့် ကိုင်တွယ် ဖြေရှင်းနိုင်ရန် ဥပဒေပြုအဖွဲ့အား အခွင့်အရေးပေးခြင်းပင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဥပဒေတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် လိုက်လျောညီထွေမှုမရှိကြောင်း ဆုံးဖြတ်ခြင်း (Non conformity Decision) သည့်အခါ ဥပဒေပြုလွှတ်တော်သည် အဆိုပါဥပဒေကို သတ်မှတ်အချိန်အတွင်း ပြင်ဆင်ရသည်။ လက်တွေ့တွင် ဥပဒေပြင်ဆင်မှုများသည် သတ်မှတ်ချိန်အတွင်း ပြင်ဆင်ရန် နှောင့်နှေးမှုများ ပေါ်ပေါက်လျက်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်းညီညွတ်ကြောင်း (Conditional Constitutionality Decisions) ဆုံးဖြတ်ခြင်းသည် အခြေခံအခွင့်အရေးများကို ကာကွယ်ရန် ရည်ရွယ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ဆန့်ကျင်သော ပြဋ္ဌာန်းချက်ကို ပယ်ဖျက်ရန် ၎င်း၏လုပ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းဖြစ်သည်။ တရားလွှတ်တော်ချုပ်၏ လုပ်ပိုင်ခွင့်သည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို

အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များကို လိုက်နာရန်လိုအပ်သည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်းညီညွတ်ကြောင်း (Conditional Constitutionality Decisions) ဆုံးဖြတ်ခြင်းကို အကောင်အထည်ဖော်ခြင်းသည် မူလတရားရုံးများ၏ ပူးပေါင်းဆောင်ရွက်မှုတွင် မူတည်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို မူလတရားရုံးများက သဘောတူညီခြင်းမရှိလျှင် အကောင်အထည်ဖော်မှုသည် အောင်မြင်မှုမရရှိနိုင်ပါ။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် ပေါ်ပေါက်လာနိုင်သည့် ပဋိပက္ခဖြစ်မှုများကို ကာကွယ်ရန်အတွက် ဆုံးဖြတ်ချက်များသည် အမှုနှင့်သက်ဆိုင်သောအဖွဲ့အစည်းများက လက်ခံနိုင်သော ရှင်းလင်းသည့် ဥပဒေအကြောင်းပြချက်များရှိရမည်။ ထို့ပြင် နိုင်ငံသားများအခြေခံအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာမူသဘောတရားများကို ကာကွယ်ရန်အတွက် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီသုံးသပ်ခြင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် အခြားအဖွဲ့အစည်းများအကြား အပြန်အလှန်သဘောတူနားလည်မှုရှိရန်လည်း လိုအပ်ပါကြောင်း နိဂုံးချုပ်တင်ပြအပ်ပါသည်။

## သုံးသပ်ချက်များ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ပိုင်ခွင့် အာဏာခွဲဝေပေးထားသည့် နိုင်ငံတော်အာဏာသုံးရပ်အကြား ထိန်းညှိပေးရသော လွတ်လပ်သည့်အဖွဲ့အစည်းဖြစ်ပါသည်။ ထို့ကြောင့် တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများအား နိုင်ငံတော်အာဏာ (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့မှ ရွေးချယ်ပြီး နိုင်ငံ၏အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတမှ ခန့်အပ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖွဲ့စည်းထားသည်ဟု လေ့လာသုံးသပ်ပါသည်။

တောင်ကိုရီးယားသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလျှောက်ထားမှုများနှင့် အငြင်းပွားမှုများကို သုံးသပ်သည့်အခါ အပြီးသတ်ဆုံးဖြတ်ချက်ကို ချမှတ်သည့်အချိန်အထိ တင်သွင်းခံရသူအား ဆောင်ရွက်နေဆဲ လုပ်ပိုင်ခွင့်များဆိုင်းငံ့ထားရန် တားဆီးသည့် ဆုံးဖြတ်ချက်အမိန့်ချမှတ်နိုင်သည့်အတွက် ဖွဲ့စည်းပုံ

အခြေခံဥပဒေဆိုင်ရာ လွတ်လပ်သည့် တရားစီရင်ပိုင်ခွင့်အာဏာ အပြည့်အဝရရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေသည် စီရင်ပိုင်ခွင့်အလိုက် တရားရုံးဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုနှင့် အကောင်အထည်ဖော်မှုများအား တိကျရှင်းလင်းစွာ ပြဋ္ဌာန်းထားခြင်းဖြင့် ဆုံးဖြတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်နိုင်သည့် ပြဿနာများကို တတ်နိုင်သမျှထိန်းကျောင်းသည့် သဘောရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။ အခြားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများကဲ့သို့ တောင်ကိုရီးယားသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ကို အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပါ။ သို့ရာတွင် ဆုံးဖြတ်ပြီးသည့် တူညီသောအမှုကို ထပ်မံဆုံးဖြတ်ခြင်းမပြုဟု Res Judicata Effect ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေ အပိုဒ် ၃၉ တွင် အတိအလင်းပြဋ္ဌာန်းထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဆိုသည့် သဘောပင်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ တောင်ကိုရီးယားသမ္မတနိုင်ငံသည် ၎င်း၏ စီရင်ပိုင်ခွင့်များကို ဆုံးဖြတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိအပေါ်အဓိကမူတည်၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ မည်သည့်စီရင်ပိုင်ခွင့်မဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းကြေညာလျှင် အဆိုပါဆုံးဖြတ်ချက်သည် ချက်ချင်းအကျိုးသက်ရောက်မှုရှိသည်။ အထူးသဖြင့် ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း (Unconstitutionality) ဆုံးဖြတ်ချက်ကို ကြေညာလျှင် အဆိုပါဥပဒေ သို့မဟုတ် ပြဋ္ဌာန်းဥပဒေသည် ထုတ်ပြန်ကြေညာသည့်အချိန်မှစ၍ ချက်ချင်းအလိုအလျောက် ပျက်ပြယ်သည်။ ထိုသို့သောအခြေအနေမျိုးတွင် အဆိုပါဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်ကို ကျင့်သုံးမှုများနှင့်စပ်လျဉ်း၍ ဥပဒေကြောင်းဆိုင်ရာလစ်ဟင်းမှုနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်လာသည်။ ထိုသို့သောအခြေအနေမျိုးကြောင့် ဥပဒေ သို့မဟုတ် ပြဋ္ဌာန်းချက်ကို ရုတ်တရက်ပယ်ဖျက်ခြင်းမှ ရှောင်လွှဲနိုင်မည့် ပြောင်းလွယ်ပြင်လွယ်သည့် ပုံစံပြောင်းဆုံးဖြတ်ချက်များဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမှုမရှိကြောင်း ဆုံးဖြတ်ချက် (Nonconformity Decision)နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တစ်စိတ်တစ်ပိုင်း ညီညွတ်ခြင်းမရှိကြောင်း

ဆုံးဖြတ်ချက်များ (Conditional Unconstitutionality Decisions) လိုက်နာအကောင်အထည်ဖော်သည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုပုံစံပြောင်းဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း မရှိသည့် (Unconstitutionality) ဆုံးဖြတ်ချက်ပေါ် အခြေပြု၍ ဆင့်ပွားလာခြင်းဖြစ်ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း ဆုံးဖြတ်သည့်သဘောပင် ဖြစ်သည်။

ပုံစံပြောင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအက်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပုံစံပြောင်းဆုံးဖြတ်ချက်ကိုကြေညာရာတွင် အကောင်အထည်ဖော်ရမည့် နောက်ဆုံးအချိန်သတ်မှတ်ပေးခြင်းကဲ့သို့ ဥပဒေပြုလွှတ်တော်နှင့် တရားရုံးများအတွက် အကောင်အထည်ဖော်ရမည့် နည်းလမ်းမျိုးကို ၎င်း၏ဆုံးဖြတ်ချက်တွင် ထည့်သွင်း၍ ကြေညာသည်ကို လေ့လာတွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးကို ကာကွယ်ပေးရသည့် အမြင့်ဆုံးတရားရုံးဖြစ်သဖြင့် နိုင်ငံအဖွဲ့အစည်းများအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာ အကောင်အထည်ဖော်ရန် လိုအပ်သည်။

သို့ရာတွင် လက်တွေ့အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ပုံစံပြောင်းဆုံးဖြတ်ချက်များဖြင့် ဆုံးဖြတ်ချက်ပုံစံကို မည်သို့ပင်တိုးတက်ပြောင်းလဲအောင် ဆုံးဖြတ်စေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်များသည် ဥပဒေကြောင်းအရ ရှင်းလင်းပြီး ကျိုးကြောင်းဆီလျော်မှုရှိမှသာ လိုက်နာအကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၏ ယုံကြည်မှုကိုရရှိပြီး ထိရောက်သောပူးပေါင်းဆောင်ရွက်မှုရှိမည် ဖြစ်ကြောင်း လေ့လာသုံးသပ်ပါသည်။